# အမျိုးသမီးခေါင်းဆောင်မှုဆိုင်ရာအလုပ်သင် သင်တန်းကျောင်းအပတ်စဉ် (၁၀) အတွက် သင်တန်းသူများ ခေါ်ယူခြင်း

## အဖွဲ့အစည်းကြောင်းမိတ်ဆက်ခြင်း

ကူကီးအမျိုးသမီးများဆိုင်ရာလူ့အခွင့်အရေးအစည်းအရုံးသည် တရားမျှတမှု၊ ကျားမတန်းတူမှုနှင့် ငြိမ်းချမ်းမှုရှိပြီးစစ်မှန်သည့် ဖက်ဒရယ်ဒီမိုကရေစီထွန်းကားသော လူ့ဘောင်အဖွဲ့အစည်းကိုရှေးရှု၍ ဖွံ့ဖြိုးတိုးတက်မှု အခန်းကဏ္ဍတိုင်း တွင် အမျိုးသမီးများ၏ဘဝအဆင့်အတန်းတိုးတက်မြင့်မားလာရေးအတွက်လုပ်ဆောင်ပေးနေသည့်လူထုအခြေပြုအဖွဲ့အစည်းဖြစ်ပါသည်။

အစည်းအရုံးမှအဓိကဦးတည်လုပ်ဆောင်နေသည့်လုပ်ငန်းစဉ်များမှာအမျိုးသမီးနိုင်ငံရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်၊အမျိုးသမီးများအပေါ်အကြမ်းဖက်မှုပပျောက်ရေးလုပ်ငန်းစဉ်၊လူထုဖွံ့ဖြိုးရေးနှင့်လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းစဉ်နှင့် သတင်းမှတ်တမ်းသုတေသနဌာန လုပ်ငန်းစဉ်များပင်ဖြစ်ပါသည်။

အမျိုးသမီးခေါင်းဆောင်မှုဆိုင်ရာ အလုပ်သင် သင်တန်းကျောင်းကိုကူကီးအမျိုးသမီးငယ်များအတွက် ရည်ရွယ်ကာ ၂၀၀၄ခုနှစ်မှစတင်ကာ အကောင်ထည်ဖော်လုပ်ဆောင်လာခဲ့ကြခြင်းဖြစ်ပါသည်။ ယခုအပတ်စဉ်(၁၀)အတွက်ကို ၂၀၂၅ ခုနှစ်ဖေဖော်ဝါရီလ (၁) ရက်နေ့မှဇူလိုင်လအထိ (၆)လတာလုပ်ဆောင် သွားမည်ဖြစ်ပါသည်။

## အမျိုးသမီးခေါင်းဆောင်မှုအလုပ်သင်သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက် (Objective)

၁။ အမျိုးသမီးခေါင်းဆောင်ကောင်းများ ပေါ်ထွန်းလာစေရန်နှင့် ဆုံးဖြတ်ချက်ချမှတ်သည့် အခန်းကဏ္ဍတိုင်းတွင် အမျိုးသမီးများအသံနှင့်ကိုယ်စားပြုမှုများပါဝင်လာစေရန်။

၂။ အမျိုးသမီးများ၏ကိုယ်ရည်ကိုယ်သွေးမြင့်မားလာပြီး မိမိကျင်လည်ရာပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင် လူ့အခွင့်အရေး၊ နိုင်ငံရေး၊ ဒီမိုကရေစီနည်းကျခေါင်းဆောင်မှုပိုင်းဆိုင်ရာ အတွေ့အကြုံဗဟုသုတများကို ပြန်လည်မျှဝေတတ်စေရန်နှင့် အသုံးချတတ်စေရန်။

၃။ အမျိုးသမီးများ၏စွမ်းရည်မြင့်မားလာပြီး မိမိဒေသအသိုင်းအဝိုင်းအတွင်းရှိ အမျိုးသမီးအရေးနှင့်လူထုအကျိုးပြု အခန်းကဏ္ဍတိုင်းတွင် ပိုမိုဦးဆောင်လာစေရန်။

## လျှောက်လွှာရွေးချယ်ခြင်း

- လျှောက်လွှာများကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ( ၅ )ရက်နေ့တွင်နောက်ဆုံးထားပြီး ပေးပို့ရမည်ဖြစ်သည်။
- ကူကီးအမျိုးသမီးများဆိုင်ရာလူ့အခွင့်အရေးအစည်းရုံး၏ ဘုတ်အဖွဲ့ဝင်များနှင့် အတွင်းရေးမှူးအဖွဲ့များမှ တက်ရောက်ရမည့်ဦးရေး (၈)ဦး ကို သတ်မှတ်ထားသော အရည်အချင်းနှင့်ကိုက်ညီသူများကိုသာ စိစစ်ရွေး ချယ်သွားမည်ဖြစ်ပါသည်။
- အင်တာဗျူးကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ( ၈ )ရက်နေ့မှ ( ၁၂ )ရက် အတွင်းပြုလုပ်သွားမည်ဖြစ်သည်။
- ရွေးချယ်ခံရသူများကို ၂၀၂၅ ဇန်နဝါရီ (၁၅)ရက်နေ့ အတွင်းပြန်လည်အကြောင်းကြားပေးမည်ဖြစ်သည်။
- မိမိတို့အလုပ်သင်များကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလတွင်စတင်ဖွင့်လှစ်သွားမည်ဖြစ်ပါသောကြောင့် သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရသောသူများသည် ၂၀၂၅ခုနှစ် ဇန်နဝါရီ ( ၂၈ )ရက်တွင်အစည်းအရုံးမှ သတ်မှတ်ထားသောနေရာသို့ အရောက်လာနိုင်ရန်ပြင်ဆင်ထားရမည်ဖြစ်ပါသည်။
- သင်တန်းကျောင်းဖွင့်လှစ်မည့်တည်နေရာ မှာ ထိုင်းနိုင်ငံ တစ်နေရာတွင်ပြုလုပ်မည့်ဖြစ်ပါသည်။

**လျှောက်ထားသူသည် လျှောက်လွှာနှင့်အတူ တစ်ပါးတည်းပေးပို့ရမည့် အချက်အလက်များ**

- ✓ **မိမိအားထောက်ခံပေးမည့် ထောက်ခံစာတစ်စောင် ( ၎င်းထောက်ခံစာကို မိမိကျေးရွာတွင် (သို့) မြို့နယ်တွင်ရှိသော အမျိုးသမီးတာဝန်ခံခေါင်းဆောင်ထံမှ ရယူနိုင်သည်)**

## အလုပ်သင်ကျောင်းသူများ၏ စံသတ်မှတ်ချက်

- ✓ လျှောက်ထားသူသည် ကူကီးအမျိုးသမီးဖြစ်ရမည်။**အသက် (၂၀)နှစ်အထက်ဖြစ်ရမည်။**
- ✓ လျှောက်ထားသူသည် တက္ကသိုလ် ဒုတိယနှစ်အထိပြီးစီး တက်ရောက်သောသူ ဖြစ်ရမည်။ (ကျမ်းစာကျောင်းဆင်းလည်းအကြုံးဝင်ပါသည်)
- ✓ လျှောက်ထားသူသည် သင်တန်းချိန်တွင်အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။
- ✓ လျှောက်ထားသူသည် အစည်းအရုံး၏စံတန်ဘိုးများကို လေးစားလိုက်နာမည့်သူဖြစ်ရမည်။
- ✓ လျှောက်ထားသူသည် ပရဟိတစိတ်နှင့်မျိုးချစ်စိတ်ဓာတ်ပြည့်ဝသူဖြစ်ရမည်။

- ✓ လျှောက်ထားသူသည် မြန်မာနိုင်ငံရေးနှင့်လူထုအခြေပြု အဖွဲ့အစည်းပေါ် စိတ်အားထက်သန်စွာ စိတ်ပါဝင်စားသူဖြစ်ရမည်။
- ✓ လျှောက်ထားသူသည် သင်တန်းကာလအတွင်း သင်ခန်းစာအပေါ် စိတ်အားထက်သန်စွာ ကြိုးစားသင်ယူလေ့လာရမည့်အပြင် ချမှတ်ထားသည့်စည်းမျဉ်းစည်းကမ်းများကိုလည်း လေးစားလိုက်နာရမည်။
- ✓ လျှောက်ထားသူသည် အကျင့်စာရိတ္တကောင်းမွန်ပြီး မတူကွဲပြားမှုကိုလက်ခံပြီး ကျောင်းတက်နေစဉ် ကာလအတွင်း အချင်းချင်းအကြားအပြုသဘောဆောင်သည့် အပြုအမူအပြောအဆိုများဖြင့် ပြုမူပြောဆိုဆက်ဆံရမည်။
- ✓ လျှောက်ထားသူသည် တက်ကြွစွာပူးပေါင်းပါဝင်မှု ကိုယ်တိုင်စည်းကမ်းလိုက်နာမှု စိတ်ဓာတ်ပြင်းပြမှု အလုပ်ကြိုးစားမှုနှင့် အချင်းချင်းကြားမိသားစုစိတ်ဓာတ်ထားပြီးနေထိုင်နိုင်ရမည်။

## ပို့ချမည့် ဘာသာရပ်များ

( ၆ ) လတာ ကာလအတွင်း အမျိုးသမီးခေါင်းဆောင်မှုပိုင်းဆိုင်ရာ သင်တန်းကျောင်းတွင် အသိပညာ နှင့် အတတ်ပညာ **skills and knowledge** ဟူ၍ အပိုင်း (၂) ပိုင်းဖြင့် သင်ကြား ပို့ချသွားမည်ဖြစ်ပါသည်။

**ဘာသာရပ်များမှာ**

1. ကွန်ပျူတာ နှင့် နည်းပညာပိုင်းဆိုင်ရာဘာသာရပ်များ
2. **English** အရေးအဖတ်အပြော
3. လူ့အခွင့်အရေး နှင့် ပတ်သတ်သည့်ဘာသာရပ်များ
4. နိုင်ငံရေးဘာသာရပ်များ
5. လူထုဖွံ့ဖြိုးရေး နှင့် စေ့စပ်ညှိနှိုင်းရေးဆိုင်ရာဘာသာရပ်များ
6. စွမ်းရည်မြှင့်တင်ရေးပိုင်ဆိုင်ရာ ဘာသာရပ်များ
7. ခေါင်းဆောင်မှုအပိုင်းဆိုင်ရာ ဘာသာရပ်များစသည်တို့ကို ပို့ချသွားမည်ဖြစ်ပါသည်။

သင်ကြားရေးနည်းစနစ်များ

- ကျောင်းသူဗဟိုပြုချဉ်းကပ်မှု
- အုပ်စုဖွဲ့ဆွေးနွေးခြင်း ၊ တစ်ဦးချင်းဆွေးနွေးတင်ပြခြင်း
- စဉ်းစားတွေးခေါ် ဝေဖန်ပိုင်းခြားတွေးခေါ်မှုစနစ်
- စေ့စပ်ညှိနှိုင်းပြောဆိုခြင်း
- စကားရည်လုပွဲ ပြုလုပ်ပေးခြင်း
- ပြဿနာဖြေရှင်းခြင်းနည်းလမ်း
- သုတေသနများပြုလုပ်ပေးခြင်း
- အလှည့်ကျခေါင်းဆောင်စနစ်များပြုလုပ်ခြင်း
- မိမိကိုယ့်ကို စီမံခန့်ခွဲသည့် နည်းစနစ်များပြုလုပ်ခြင်း
- အသင်းဖွဲ့များ နှင့် ပူးပေါင်းဆောင်ရွက်လုပ်ဆောင်ခြင်း
- စီမံချက်များလက်တွေ့အကောင်အထည်ဖော်ဆောင်စေခြင်း

## ရွေးချယ်ခံရသူများ လိုက်နာရမည့်စည်းကမ်းများ

- ရွေးချယ်ခံရသူများသည် အခြေခံလိုအပ်သည့် ကျန်းမာရေးဆိုင်ရာ ဆေးစစ်ချက်ခံယူရမည်။ (အကယ်၍ လိုအပ်ခဲ့လျှင်)
- ကျောင်းသူအဖြစ်ရွေးချယ်ခံရသူသည့် ကျောင်းတက်နေစဉ်ကာလအတွင်း သတ်မှတ်သည့် အချိန် နှင့် နေရာကိုသာနေ့သည်တွေ့ရမည်။
- ကျောင်းတက်ရောက်ပြီးလျှင် အစည်းအရုံးတွင် အနည်းဆုံး ( ၂ ) နှစ်ပြန်လည်တာဝန်ထမ်းဆောင်ရမည်။
- ကျောင်းစည်းကမ်းဖောက်ဖျက်ပြီး ကျောင်းပြီးဆုံးသည့်အထိ မတက်ရောက်ဘဲထွက်သွားပါက ကျောင်းတက်နေသည့်ကာလတစ်လျှောက် ကုန်ကျခဲ့သည့် ကုန်ကျစရိတ်များကို နှစ်စ ပြန်လည်ပေးလျော်ရမည်ဖြစ်သည်။

## ထောက်ပံ့ပေးမှု

လျှောက်လွှာရွေးချယ်ခြင်းခံရသူသည် ကျောင်းတက်ရန်အတွက် အသွားအပြန်ကုန်ကျသည့် ခရီးစရိတ် ကျောင်းတက်နေစဉ်အတွင်း စားသောက်စရိတ် လိုအပ်သည့် အသုံးအဆောင်ပစ္စည်းများနှင့် ဆရာ/ဆရာမ များ၏ သင်တန်းကြေးများကို အဖွဲ့အစည်းအာ ကူညီထောက်ပံ့ပေးမည်ဖြစ်သည်။
လျှောက်လွှာများကို အောက်ဖော်ပြပါ ဖုန်းများနှင့် အီးမေလ်းများ Facebook Page တွင်ရယူနိုင်ပါသည်။

Facebook Page – KUKI WOMEN'S CENTRE TAMU
Email - kwhro2013@gmail.com

Special - Pu Gangte Chanu , Pu mate Chanu , Pu Baite Chanu , Pu Vaiphei Chanu , Pu Tothang Chanu, Pu Khongsai Chanu ho ding a special quoter aki koi in ahi e. Alung lut ium uva ahi leh nei hin contact uvo.